ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (11-4-2007) (၅၂၈၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများသို့ သွားရောက်၍ ခင်းကျင်း ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ ခင်းကျင်းရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ ပန်တျာအခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပန်တျာ အခွန်လွတ်ဈေးအတွင်း မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဟင်းသီးဟင်းရွက်အရောင်းဆိုင်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ ကုန်ခြောက်အရောင်းဆိုင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန အရောင်းဆိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ ကြက်ဥ၊ ငါး အရောင်းဆိုင်တို့၏ ခင်းကျင်းရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီအခွန်လွတ်ဈေးသို့ လည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရွှေပြည်သာမြို့နယ်ရှိ အခွန်လွတ်ဈေးသို့ လည်းကောင်း၊မရမ်းကုန်းမြို့နယ်ရှိအခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်၊တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါး မွေးမြူရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မရမ်းကုန်းမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ခင်းကျင်းရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော်-မော်လမြိုင် အမြန်ရထား ခရီးစဉ်သစ် ဧပြီ ၂၂ရက်မှ စတင်ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၁၀

နေပြည်တော် ဖွံ့ဖြိုးစည်ကားလာမှုနှင့်အတူ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု လိုအပ်ချက်တိုးမြင့်လာသည့်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ၂၀၀၆ခုနှစ် မေ ၁၈ရက်တွင် နေပြည်တော်-ပုဂံ-နေပြည်တော် အမြန်လူစီးရထား ခရီးစဉ်ကိုလည်းကောင်း၊ အလားတူ ၂၀၀၆ခုနှစ် မေ ၂၅ရက်တွင် နေပြည်တော်-ပြည်-နေပြည်တော် အမြန်လူစီးရထား ခရီးစဉ်ကို လည်းကောင်း၊ ၂၀၀၆ခုနှစ် ဇွန် ၇ရက်တွင် နေပြည်တော်-မန္တလေး-နေပြည်တော် အမြန်လူစီးရထား ခရီးစဉ်ကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် ဇူလိုင် ၁၆ရက်တွင် နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ အမြန်လူစီးရထား ခရီးစဉ်ကိုလည်းကောင်း ပြေးဆွဲပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ နေပြည်တော်မှ မော်လမြိုင်သို့ ခရီးသွားလာမှုများ တိုးတက်များပြားလာသည့်အလျောက် ၂၀၀၇ခုနှစ် ဧပြီ ၂၂ရက်မှ စတင်၍ နေ့စဉ်နေပြည်တော်မှ မော်လမြိုင်သို့ အမြန်လူစီးရထားတစ်စင်းနှင့် မော်လမြိုင်မှ နေပြည်တော်သို့ အမြန်လူစီးရထားတစ်စင်း ပြေးဆွဲမည်ဖြစ်သည်။

ယခင်က နေပြည်တော်မှ မော်လမြိုင်သို့ ရထားဖြင့်သွားလာရာတွင် ပဲခူးမှတစ်ဆင့် သွားလာရပြီး ယခုအခါတွင် အသစ်ဖောက်လုပ် ဖွင့်လှစ်တော့မည့် ဒိုက်ဦး-မြစ်ကျိုး-စစ်တောင်းဖြတ်လမ်းကို အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရထားလမ်းခရီးမိုင်အရ ၃၈မိုင်တိုတောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်-မော်လမြိုင် အမြန်လူစီးရထားသည် ပျဉ်းမနားဘူတာမှ နေ့စဉ် နံနက် ၅နာရီခွဲတွင် လည်းကောင်း၊ မော်လမြိုင်-နေပြည်တော် အမြန်ရထားသည် မော်လမြိုင်မှ နေ့စဉ် နံနက် ၇နာရီတွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ပြီး လမ်းခရီးတွင် တောင်ငူ၊ ဒိုက်ဦး၊အိမ်ခြေလေးဆယ်၊ ဆတ်သွားကုန်း၊ ကျိုက်ထို၊ သထုံ၊ ပေါင်ဘူတာများ၌ ရပ်တန့်သွားမည်ဖြစ်ကြောင်းနှင့် အချိန်စာရင်းအသေးစိတ်ကို သက်ဆိုင်ရာဘူတာများ၌ ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၁–၄–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့သစ်တောကြီးများ အစဉ်ရှင်သန်ဖြစ်တည်ရေး စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာ့သစ်တောသယံဇာတများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက် ရှိသည်။ ယင်းသဘာဝသယံဇာတများကို အကျိုးရှိရှိ ထုတ်ယူအသုံးပြုကြသကဲ့သို့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း လိုအပ်သည်။

နိုင်ငံတော်က တောတောင်များ မပျက်စီးစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများ အစဉ်ရှင်သန် ဖြစ်တည်စေရေးအတွက် ပြုစုထိန်းသိမ်း ကာကွယ်လျက်ရှိရာ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေဧရိယာ စတုရန်းမိုင်ခြောက်သောင်းကျော်ရှိသည်။

ထို့အပြင် ကျွန်းအထူးစိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများ အပါအဝင် သစ်တောစိုက်ခင်းဧကပေါင်း တစ်သန်းကျော်ကိုလည်း ထူထောင်ထားရှိပြီး ဖြစ်သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ ပြုစုစိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီး သစ်ပင်များအား စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သစ်တောအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဖော်ဆောင်မှု၏ရလဒ်အဖြစ် မြန်မာနိုင်ငံ အပူပိုင်းဒေသများဖြစ်သည့် မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေး၊ သရက်၊ ဂန့်ဂေါ၊ ညောင်ဦး၊ ကျောက်ဆည်နှင့် ရွှေဘိုခရိုင်တို့တွင် စိမ်းလန်းစိုပြည်သော သစ်ပင်သစ်တောများကို တွေ့မြင်နေရပြီဖြစ်သည်။

သဘာဝတောတောင်များ မပျက်စီးစေရေးအတွက် နိုင်ငံတော်အပိုင်းက သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းကာကွယ်လျက်ရှိသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများကလည်း သစ်တောကြိုးဝိုင်းများ၊ ကျွန်းအထူးစိုက်ခင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီးပွားရေးစိုက်ခင်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့သစ်တောကြီးများ အစဉ်ရှင်သန်ဖြစ်တည်နေမည် ဖြစ်ပါသည်။ ။

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ကြည့်မြင်တိုင်မြို့နယ် အေးရွာရပ်ကွက်နှင့် ဝါးရုံဆိပ်ရပ်ကွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အေးရွာရပ်ကွက်သို့ရောက်ရှိရာ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဒေသဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အေးရွာရပ်ကွက်အတွင်း ဖြတ်သန်းကြည့်ရှုသည်။

ယင်းနောက် တိုင်းမှူးသည် အေးရွာအနောက်ရပ်ကွက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးသောက်သုံး ရေကန်ကို ကြည့်ရှုစစ်ဆေးပြီး အေးရွာရပ်ကွက် ရတနာပုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိဿရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ကြည့်မြင်တိုင်မြို့နယ် အေးရွာအနောက်ရပ်ကွက်ရှိ သောက်သုံးရေကန်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မှာကြား

ယင်းနောက် တိုင်းမှူးက ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေ ပြည်သူများအား တွေ့ဆုံ၍ ဒေသတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကြည့်မြင်တိုင်မြို့နယ် ဝါးရုံဆိပ်ရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားပြရိပ်သာ ဆောက်လုပ်ရေးအတွက် ကွယ်လွန်သူ ဒေါ်ကြည်ကြည်သိန်းအား ရည်စူး၍ ဒုတိယ ဗိုလ်မှူးကြီးသောင်းစိန် (ငြိမ်း)နှင့် သမီး မစောနန်းမော်တို့က ငွေကျပ်တစ်သိန်းကို ဖျာပုံမြို့ သစ္စာဒီပက ဝိပဿနာအဖွဲ့မှ အတွင်းရေးမှူး ဦးမြင့်ဦးနှင့် စာရင်းစစ် ဦးမြင့်စိုးတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နိဗ္ဗာန်ရှေ့ရှုတောရရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရှေ့ရှုတောရရိပ်သာ ကျောင်းတိုက်ကြီးအတွင်း ဧပြီ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် တရားစခန်းပွဲ၌ ရိပ်သာ ပဓာနနာယက ဖေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ B.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

လှူဦးရေ ကန့်သတ်ထားသဖြင့် ဖုန်း–၀၉၅၁ ၃၇၀၈၆ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ကန်တော်ကလေး ၉၃လမ်း နှစ်သစ်မင်္ဂလာ ဓမ္မပူဇာ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ပိုင်းရပ်ကွက် ၉၃လမ်း(အောင်မင်္ဂလာဓမ္မာရုံ) မိသားစုက တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၇၊ ၁၈ (နှစ်ဆန်း ၁၊ ၂ ရက်) ည ၇နာရီတွင် ဒေါက်တာ အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်) ဆရာတော်၊ ဧပြီ ၁၉(နှစ်ဆန်း ၃ ရက်) ည ၇ နာရီတွင် ဒေါက်တာ အရှင်ပညောဘာသ (နာလန္ဒာ)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင် မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်အုန်းကြည် မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အမှူးဆောင်ဆရာတော် အရှင်ကောသလ္လ (B.A ဓမ္မာစရိယ) (မြန်အောင်) ရှေ့မှောက်၌ တာဝန်ခံ ဦးဇင်ဖြိုးအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် မဓာဝီလမ်းနေ ဦးခင်မောင်အေး–ဒေါ်ကျင်အေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မျက်စိကုလေဆာစက်အတွက် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်မှူးကြီး ဘဉာဏ် (ငြိမ်း)လက်ခံယူစဉ်။ (က–ပ)

စည်းကမ်းရှိမှ

ချစ်နိုင်(စိတ်ပညာ)

ဇာတ်ပွဲတစ်ခုတွင်

ဖြစ်ရပ်မှန်တစ်ခုကို တင်ပြ၍ စတင်ပါရစေ။

မြေလတ်ဒေသ ဘုရားပွဲတော်တစ်ခု၏ ဇာတ်ပွဲခင်းတစ်ခုအတွင်းမှာ ဖြစ်ပါသည်။ နိုင်ငံအဝန်း ကျော်ကြားသော အသံကောင်း၊ ရုပ်ချော၊ အပြောကောင်း၊ အကကောင်း၊ ခေါင်းဆောင်ဇာတ်မင်းသား၏ ဇာတ်စင်ပဲဖြစ်ပါသည်။ ပွဲကြည့်ပရိသတ်ကလည်း ကြက်ပျံမကျ စည်ကားများပြားသည်။ဇာတ်ကကောင်းသဖြင့် ပရိသတ်က တစ်ခဲနက် အားပေးကြည့်ရှုနေကြသည်။ ပြဇာတ်ကလည်းကောင်းသည်။ ယခုကပြနေသော နှစ်ပါးသွားခွင်ကလည်း ကောင်းသည်။ လူရွှင်တော်ကြီးတွေ ပြက်လုံးထုတ်လျှင်လည်း တသောသောရယ်မောကြလျက် ပတ်တုတ်မရအောင် ပွဲကျလျက်ရှိ၏။ မျက်ရည်ကျအောင် ရယ်ရသတဲ့။ အူနာအောင် ရယ်ရသကွယ်နှင့်။ အညာသူ၊ အညာသားပရိသတ်များ အလွန်သဘောကျ ပျော်ရွှင်နေကြစဉ် ပရိသတ်ထောင့်တစ်နေရာမှ အသံတစ်သံကြောင့် အားလုံး၏အာရုံသည် ထိုနေရာဆီသို့ ရောက်ရှိသွား၏။

နှစ်ပါးသွားကနေစဉ်

"ဆိုတာကောင်းပါတယ်။ ကတာကောင်းပါတယ်။ ဒါပေမယ့် ဆိုင်းအတီးမပါဘဲ ကတာသက်သက် ကြည့်ချင်တယ်ဗျို့။ ဆိုင်းမပါဘဲ ကပြစမ်းပါ"

လူတစ်ယောက်က ပရိသတ်ထဲမှ ထအော်လိုက်ခြင်းဖြစ်ပါသည်။ သူက ထိုစကားကို နှစ်ခါသုံးခါ ထပ်ပြောနေသည်။ မူးယစ်နေသလား တော့မသိပေ။ သူ့အုပ်စုက ဟုတ်တယ် ဟုတ်တယ်တဲ့။

"ဆိုင်းမပါဘဲ ကပြစမ်းပါ"

ပရိသတ်သည် ရုတ်တရက်ကြီး ငြိမ်သက်သွား၏။ မီးကိုရေနှင့် ပက်လိုက်သကဲ့သို့ဟု ဆိုရမည်။

နှစ်ပါးသွားကပြနေသော မင်းသားက သေချာစွာနားထောင်သည်။ ဣန္ဒြေမပျက်ပေ။ အချိန်ကိုစောင့်၍ ပြုံးလျက် အဖြေစကား သူပြောကြားသည်။

"ဦးဇာတ်ဆီရေ"

"ဇာတ်ဆရာခင်ဗျား"

"ဦးဇာတ်ဆန်"

"ရှိပါတယ် ဆရာရေ့"

"သဘင်၊ သဘင်နဲ့ အမြင်သာလွယ်တယ် ထင်ရပေမယ့် တကယ်လုပ်ရင် အဟုတ်ခက်ပါတယ်ဆိုတဲ့စကား ရှိတယ်မဟုတ်လားခင်ဗျာ"

"ကြားဖူးပါရဲ့ ဇာတ်ဆရာ"

"ကျွန်တော်တို့ ဇာတ်သဘင်သည်များဟာ ရွှေပွဲလာပွဲကြည့်ပရိသတ်များက အားပေးမြှောက်စားကြလို့လဲ ယခုလို ကပြတင်ဆက်နိုင်ခြင်း မဟုတ်ပါလားခင်ဗျာ"

"အမှန်ပါပဲ ဇာတ်ဆရာခင်ဗျ"

ထမင်းရှင်

"ရွှေပွဲလာ ပွဲကြည့်ပရိသတ်များဟာ ကျေးဇူးရှင်၊ ထမင်းရှင်တွေ ဆိုရင်ကော မှားမလားခင်ဗျာ"

"မမှားပါခင်ဗျ"

"ကျေးဇူးရှင် ကျွေးမွေးယုယ အားပေးကြတဲ့ ကျေးဇူးရှင်တွေရဲ့ စိတ်ဆန္ဒအလိုကျအောင် ကျွန်တော်တို့က အစွမ်းကုန် ဖြည့်ဆည်းပေးရန် တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးဆပ်ချင်တဲ့စေတနာ၊ စေတနာနဲ့ တာဝန်ကြောင့် ကျွန်တော်တို့ဟာ စေခိုင်းရာကို လုပ်နိုင်သမျှ လုပ်ပေးကြရပါမယ်"

"ကောင်းလှပါတယ် ဇာတ်ဆရာ"

"သို့ရာတွင် အကြောင်းအကျိုး အကောင်းအဆိုး တင်ပြစရာရှိရင်လည်း တင်ပြရမှာပဲ မဟုတ်ပါလား ဦးဇာတ်ဆန်ရေ"

"ဆိုရေးရှိက ဆိုအပ်လှပါတယ်ခင်ဗျား"

"ဆိုင်းမပါဘဲ ကပြပါဆိုရင် ကလို့မရဘူးလား၊ မေးလာရင်ရပါတယ်လို့ ဖြေရပါ့မယ်၊ ဆိုင်းမပါဘဲ ကလို့ရပါတယ်၊ ကပြပါမယ်" သို့သော်–"စည်းဝါးမပါဘဲနဲ့တော့ ကပြလို့မရပါ။ စည်းနဲ့ဝါးမပါဘဲနဲ့ ကလို့ရပါ့မလား၊ ဦးဇာတ်ဆီရေ"

"စည်းလွတ်ဝါးလွတ်ကလို့ မဖြစ်ပါခင်ဗျား"

စည်းနှင့်ဝါး

"ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ အနုပညာရသဖန်တီးခြင်း မှန်သမျှမှာ စည်းမျဉ်းစည်းကမ်း၊ နရီ၊ စည်း၊ ဝါး သတ်မှတ်ပြဋ္ဌာန်းထားသော အကန့်၊ အပိုင်းအခြားဟာ ရှိကြရစမြဲ ဖြစ်ပါတယ်။ ဘီလူးစည်း၊ လူ့စည်းဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား ခင်ဗျား"

"ရှိရပါတယ် ဇာတ်ဆရာခင်ဗျား"

"စည်းဆိုတာ ရေးထားတာ၊ ပြောထားတာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ စည်းကတော့ လူသားမှန်သမျှ အသိဉာဏ်အရ သိအပ်လိုက်နာအပ်တဲ့ အတိုင်းအတာ တစ်ရပ်အနေနဲ့ ရှိကြရတာပါပဲ။ ရဟန်းမှာ ဝိနည်း၊ ရွာမှာစည်းရိုး၊ လူမှာစည်းကမ်းဆိုတာ အနားကွပ်ထားတဲ့ အပိုင်းအခြားတွေ မဟုတ်ပါလား ဦးဇာတ်ဆန်ရယ်"

"မှန်ပါတယ်၊ စည်းကမ်းဟာ လူရဲ့တန်ဖိုးပါခင်ဗျ"

စည်းကမ်း

ဇာတ်ဆရာသည် စည်းအခြေခံကျပုံ၊ စည်းကမ်းသည် အရေးကြီးပုံ၊ စည်းကမ်းရှိသော လူ့အဖွဲ့အစည်းကသာလျှင် ဖွံ့ဖြိုးတိုးတက်စည်ပင်နိုင်ပုံများကို ပရိသတ်အငေးသား နားထောင် ဘဝင်ကျလောက်အောင် နာရီဝက်ခန့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုလေတော့သည်။ ပွဲကြည့်ပရိသတ်က သဘောကျသဘောပေါက်သည်။ ငြိမ်သက်စွာ အာရုံစိုက်နားထောင်ကြသည်။

မူးတိမူးကြောင်နှင့် ထအော်ဟစ်သော ပွဲကြည့်သူ လူတစ်စုကြောင့် ဒေသနယ်မြေ နာမည်ပျက်၍ အရှက်ရစေနိုင်ကြောင်း သတိပြုမိလာသည်။ ရပ်ရွာလူကြီးများ ဖြစ်ပုံရသူအချို့က ထိုကဲ့သို့ အော်ဟစ်သူ သုံးလေးယောက်တို့အား ချိုင်းမှထူမကာ ဆွဲထုတ်သွားကြသည်ကို တွေ့ရလေသည်။ ခေါင်းငုံ့လျက် ပါသွားကြပေပြီ။

ဇာတ်ဆရာသည် ဆိုင်းမပါဘဲ စည်းဝါးအတီးမျှဖြင့် နရီ၊ စည်းထိပ်၊ စည်းကျဲ၊ ဝါးလတ်၊ စည်းသုတ်အမျိုးမျိုးဖြင့် လှပစွာကပြ အသုံးတော်ခံပြီး ပရိသတ်၏မေတ္တာကို ထိုညက အဆများစွာ ရသွားခဲ့လေသည်။ ထိုဇာတ်မင်းသား၏ ထိုညက လှပစွာ တင်ပြပြောဆိုသမျှ စည်းကမ်းနှင့် ပတ်သက်သော စကားကိုလည်း ပွဲကြည့်ပရိသတ်က ထာဝစဉ် စွဲမြဲအမှတ်ရသွားစေပါတော့သည်။ ထိုဇာတ်ဆရာကား မင်္ဂလာဦးအောင်မောင်း ဖြစ်ပါသည်။ အချိန်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ခန့်က မြန်မာပြည် လွတ်လပ်ရေးရပြီးစ သူပုန်သူကန်၊ လက်နက်ကိုင် ပြောက်ကျားတွေ တစ်တောတစ်ကြက်ဖ ရှိနေကြသေးသောကာလ ဖြစ်ပါသည်။ သူက ရဲရဲဝံ့ဝံ့ ပြောခဲ့၏။

စည်းကမ်းရှိမှ တိုးတက်မည်။

မှန်လေသည်

သဘင်ပညာရှင်တစ်ဦး ထိုတစ်ည ထိုစဉ်ကပင် အလေးအနက် လှစ်ဟခဲ့သောစကားသည် မှန်ခဲ့သည်။ စည်းကမ်းရှိသဖြင့် တိုးတက်ကြရသည်။

စည်းကမ်းကို ရှိသေလေးစား လိုက်နာတတ်ကြသဖြင့် ကျွန်ုပ်တို့နိုင်ငံသည် တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့ရသည်။ ဆက်လက်ပြီး နိုင်ငံကြီးသား ပီပီသသ စည်းကမ်း၏ တန်ဖိုးကို ပိုမိုသိမြင် နားလည်ကြသည်နှင့်အမျှ အဘက်ဘက်မှ တိုးတက်အောင်မြင်ကြဦးမှာလည်း အမှန်ပင်။

ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူအချို့တော့ ရှိကြသေးသည်။ ပြည်သူလူထုက တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိမှ တိုးတက်ဖွံ့ဖြိုးမှုများ အရှိန်အဟုန် ပိုမိုကောင်းလာမည်ကို သိကြသည်။ ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူ အဖျက်သမားတစ်စုမှာ ပေါ်ပေါ်ထင်ထင် ခေါင်းမဖော်ရဲ။ ထောက်ခံသူ မရှိသဖြင့် မျက်နှာမဖော်ရဲ။

တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဈေးကြီးထဲ ဗုံးခွဲသည်။ လူထုက မကျေနပ်၊ တောရွာများမှာ မိုင်းထောင်သည်။ ပြည်သူက မုန်းတီးသည်။ လမ်းမပေါ်အော်ဟစ်ဆူပူ မငြိမ်မသက်ဖြစ်အောင်နှိုးဆွသည်။ ပြည်သူလူထုက ဝိုင်းပယ်ဆန့်ကျင်ကြသည်။ ရွံ့ရှာစက်ဆုပ်သည်။ အော်ဟစ်ဆူပူခြင်းများကို အလိုမရှိပါ။ အေးချမ်းလုံခြုံခြင်းကိုသာ ပိုမိုလိုလားသည်။

စည်းကိုကျော်လာ

ပြည်သူကို ထိတ်လန့်ချောက်ချားအောင် အနည်းနည်းအဖုံဖုံ ခြောက်လှန့်သော်လည်း ပြည်သူက သွေးမလန့်ခဲ့။ ပြည်ပသံရုံးအချို့သည် စည်းကိုကျော်လျက်၊ အရှက်မရှိ အဖျက်လုပ်ရပ်များလုပ်အောင် နည်းမျိုးစုံ နှိုးဆော်တိုက်တွန်းနေကြ၏။ ပြည်သူလူထုက နိုင်ငံကြီးသား ပီသစွာ သည်းခံနေကြ၏။ သံတမန်တချို့သည် စည်းကိုဖောက်လျက် သူလျှို အဖျက်လုပ်ရပ်များ ပြုမူခဲ့ကြ၏။ နိုင်ငံတော်အစိုးရသည် မုန်းစကို တိုစေလျက် ချစ်စကို ရှည်စေရမည်ဟူသော ကျင့်ဝတ်စေတနာမပျက် ခွင့်လွှတ်ထားခဲ့၏။

အဖျက်လုပ်ရပ်များ လက်ဝါးချင်းရိုက်နေသော အချို့သံတမန်နှင့် ပလူးပလဲ ဝင်ချည်ထွက်ချည်လုပ်နေသော ငါးခုံးမအချို့ကိုလည်း ပြည်သူလူထုက နေ့စဉ်မြင်နေ၏။ တွေ့နေ၏။ ဘာသာစကားသင်တန်းဟု ဗန်းပြကာ ထိပ်တိုက်ဆန့်ကျင်ရေး နည်းနာများကို ပို့ချသင်ပြလှုံ့ဆော်ခဲ့ကြ၏။ ဗူးသွင်းနေကြ၏။ နိုင်ငံနှင့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသူအချို့က စည်းကိုမကျော်အောင် အစဉ်မပြတ် စောင့်ကြည့်နေကြ၏။

ဘာသာရေးကို အကြောင်းပြုကာ ဆူပူအုံကြွမှုများ ဖြစ်လာအောင် ဗုံးခွဲသူကို စေလွှတ်ခဲ့၏။ ထိုသူကိုယ်တိုင် စနက်တံကိုဖြုတ်မိသဖြင့် ဝမ်းဗိုက်ပွင့်ပြီး သေပွဲဝင်သွားရ၏။ ဘာသာရေးကို ခုတုံးလုပ်ကာ မကျေနပ်မှုများဖြစ်အောင် လေလှိုင်းသံမှ မဟုတ်မမှန်စွပ်စွဲ သွေးထိုးလှုံ့ဆော်နေ၏။ သွေးခွဲခြင်းဟူသမျှ၏ ဆိုးကျိုးများကို နားလည်နေကြပြီဖြစ်သည့် ပြည်သူလူထုသည် နားငြီးခံပြီး နားမထောင်ကြတော့ပေ။ စည်းလုံးခြင်းသည် ခွန်အား။

မျက်နှာဖုံးကွာကျ

လူ့အခွင့်အရေး၊ အမျိုးသမီးများအခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဘာသာရေးလွတ်လပ်ခွင့် စသည်ဖြင့် အပေါ်ယံမျက်နှာဖုံး အမျိုးမျိုးစွပ်ပြီး ပါးစပ်ဖျားက သကြားရည် သုတ်ထားကြပါသော်လည်း တကယ့်ရည်ရွယ်ချက်ကား ကျွန်ုပ်တို့နိုင်ငံနှင့်လူမျိုးကို ဖိနှိပ်ရေး၊ သိက္ခာချ ဝိုင်းပယ်ရေး၊ ထိုးနှက်ဖျက်ဆီးရေး၊ ဒုက္ခရောက်စေရအောင် ပိတ်ပင်ရေး၊ နိုင်ငံတကာနှင့် အဆက်ပြတ်စေရေးကိုသာလျှင် ၁၉ နှစ်လုံးလုံး တစိုက်မတ်မတ် သူတို့ကြိုးစား လုပ်ဆောင်ခဲ့သည်မို့ ဟန်ဆောင်ဖုံးကွယ်၍မရပြီ။

ဗူးပေါ်သလို ပေါ်နေပြီ။ ထင်ရှားခဲ့ပြီ။

အဖျက်လုပ်ရပ်များကို ပြည်သူမလိုလား။

စည်းကမ်းတန်ဖိုး

ပြည်သူက နိုင်ငံတကာနှင့်အညီ ခေတ်မီရင်ပေါင်တန်းနိုင်အောင် ပြောင်းလဲချင်နေပြီ။ အပြုလုပ်ရပ်များ၏ အကျိုးကျေးဇူးကိုလည်း ကိုယ်တိုင်ခံစားထိတွေ့နေရပြီ။ လေလှိုင်းသံထဲက လုပ်ကြံလီဆယ် ဘာတွေပဲ ပြောနေနေ မျက်မြင်ကောင်းကျိုး တစ်ခုမျှမပါ။ စေတနာမွဲလှသည်။ အကြံအစည် ယုတ်ညံ့လှသည်။ ပျဉ်ဖိုးနားလည်ခဲ့ပြီ။

ကဗျာဆရာကြီး မင်းသုဝဏ် ရေးသားဖွဲ့ဆိုခဲ့သော ဒွေးချိုးကဗျာ တစ်ပုဒ်ကို ယခုခေတ်ပြည်သူများက နားဝင်လက်ခံသည်။

စည်း တွင်းမှာနေ၊ ကင်းကွေလိမ့်ရန်ဘေး။

ကမ်း ကမ်းကိုကျော်၊ ချော်ကာကျ၊ များလှရန်ဘေး။

မယ်သီတာသည် ရာမနှင့်လက္ခဏာတို့ စည်းသားထားခဲ့သော စည်းကိုကျော်မိခဲ့သဖြင့် ဒဿဂီရိဘီလူး၏ ခိုးယူခေါ်ဆောင်ရာသို့ ပါသွားခဲ့ရသည်။ ရာမဇာတ်တော်ထဲက သင်ခန်းစာကို မလိုက်နာသူသည် မှားခဲ့မိပြန်၏။ သြော်... မော်ရုံဟေဝန်တောမြိုင်စွန်တွင် စည်းကို အကြိမ်ကြိမ်ကျော်သဖြင့် မျက်စိလည်နေရှာသူတွေလည်း ရှိနေခဲ့၏။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ မည်သည့်နိုင်ငံ၊ မည်သည့်တိုင်းပြည်မဆို စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ပါသည်။ မျက်စိမှောက်ကာ စည်းကမ်းဖောက်ကြအောင် ဘေးတီးလှုံ့ဆော်နေသည့် ပြည်ပအဖျက်သမားများ၏ အစွယ်ပြူးပြူး ဘီလူးဇာတိရုပ်ကား ဖုံးကွယ်ထား၍ မရတော့ပြီ။

မြင်သာပြီ

လူ့စည်း၊ ဘီလူးစည်း ကွဲပြားသဖြင့် နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှု၊ ဆက်သွယ်ရေးနည်းပညာ ခေတ်မီကျယ်ပြန့်မှု၊ တိုးလျှိုပေါက်မြင်သာနိုင်စွမ်းရှိမှု အခြေအနေကို ကျေးဇူးတင်ရသည်။ အမှားသည် အမှန်ဖြစ်မလာ။ အဆိုးသည် အကောင်းမဟုတ်ပါ။ အဖျက်သည် အပြုအဖြစ် အထောက်အကူမပြု။ ယုတ်မာကောက်ကျစ်မှုသည် ရိုးသားဖြူစင်မှုအဖြစ် ဖုံးကွယ်ပုံဖျက်ချင်၍မရချေ။ Transprancy ပွင့်လင်းမြင်သာသောခေတ် ရောက်လာပြီ။

မည်သူတွေက မည်မျှပင် နှောင့်ယှက်ဟန့်တား ပိတ်ဆို့ထားခဲ့စေကာမူ ကျွန်ုပ်တို့သည် တက်ညီလက်ညီ စည်းကမ်းရှိရှိနှင့် ပိုမိုကောင်းမွန်တိုးတက်သော၊ ခေတ်မီဖွံ့ဖြိုးသော အခြေအနေတစ်ရပ်ဆီသို့ ရှေးရှုပြောင်းလဲနိုင်ကြသည်ကား မုချသေချာပေသည်။ ပြည်သူတွေ၏ ဖွဲ့လုံ့လနှင့် အမြော်အမြင်ကို လေးစားချီးကျူးရပေမည်။ ပြည်သူ၏စွမ်းအားသည် ကြီးမားလေသည်။ ။

ဖွံ့ဖြိုးတိုးတက်မည်ကိုမလိုလားသူအချို့တော့ ရှိကြသေးသည်။ ပြည်သူလူထုက တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိမှ တိုးတက်ဖွံ့ဖြိုးမှုများ အရှိန်အဟုန် ပိုမိုကောင်းလာမည်ကို သိကြသည်။ ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူ အဖျက်သမားတစ်စုမှာ ပေါ်ပေါ် ထင်ထင် ခေါင်းမဖော်ရဲ။ ထောက်ခံသူ မရှိသဖြင့် မျက်နှာမဖော်ရဲ။

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ပျက်စီးနိုင်မည့် အလားအလာရှိနေသည့် သြစတြေးလျနိုင်ငံမှ သန္တာကျောက်တန်းများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူတစ်ဦး လေ့လာနေသည်ကို ဧပြီ ၉ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ နိုင်ငံတကာလေဆိပ်သစ် တည်ဆောက်ရေး အုတ်မြစ်ချ

အစ္စလမ္မာဘတ် ဧပြီ ၉

ပါကစ္စတန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ အကုန်အကျခံကာအကောင်အထည်ဖော်မည့် ခေတ်မီလေဆိပ်တည်ဆောက်ရေးစီမံကိန်းအတွက် အုတ်မြစ်ချအခမ်းအနားကို စနေနေ့က ကျင်းပရာ သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်တက်ရောက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ယင်းလေဆိပ်သစ်ကို မြို့တော်အစ္စလမ္မာဘတ် အနောက်တောင်ဘက် ကီလိုမီတာ ၃၀အကွာ ဖာတက်ချ်မြို့၌ တည်ဆောက်မည်ဖြစ်သည်။ အဆိုပါ လေဆိပ်သစ်သည် ပါကစ္စတန်နိုင်ငံတွင် အကြီးဆုံးနှင့် ခေတ်အမီဆုံး လေဆိပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ လေးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းလေဆိပ်သစ်ကို အမေရိကန်၊ ပြင်သစ်နှင့် စင်ကာပူကုမ္ပဏီများပါဝင်သောလုပ်ငန်းအုပ်စုက တည်ဆောက်သွားမည်ဖြစ်ကြောင်း လေဆိပ်အုတ်မြစ်ချ အခမ်းအနား၌ ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ခက်အဇစ်က ပြောကြားသည်။

ယင်းလေဆိပ် တည်ဆောက်ပြီးစီးပါက ခရီးသည် ၆ ဒသမ ၅ သန်းနှင့် ကုန်စည် မက်ထရစ်တန် ၁၀၀၀၀၀ ကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း ပြည်တွင်းလေကြောင်းဌာန ညွှန်ကြားရေးမှူး ဖာရီမာတူလာက ပြောကြားသည်။

အဆိုပါလေဆိပ်သစ်၏ အကျယ်အဝန်းသည် ဧက ၃၂၀၀ ခန့်ရှိမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယတောင်ပိုင်း၌ ဂျစ်ကားမီးလောင်ပေါက်ကွဲ ၁၆ ဦးသေဆုံး

ချင်နိုင်း (အိန္ဒိယ) ဧပြီ ၉

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ စနေနေ့က ဂျစ်ကားတစ်စီး မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၆ ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိကြောင်း၊ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအနက် အများစုမှာ ကားမီးလောင်ပြီးနောက် ကားအနီးသို့ စုရုံးရောက်ရှိလာကြသည့် ရွာသားများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဂျစ်ကားသည် စက်ရုံတစ်ရုံမှ ပေါက်ကွဲတတ်သည့် ပစ္စည်းများကို တင်ဆောင်လာစဉ် ချင်နိုင်းမြို့၏ တောင်ဘက် ၁၂၅ မိုင်အကွာရှိ တင်ဒီဗာနမ်မြို့အနီး အဝေးပြေးလမ်းမပေါ်တွင် ကားအင်ဂျင် မီးစွဲလောင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မီးလောင် ပေါက်ကွဲမှုမှာ ပြင်းထန်လှသဖြင့် ဂျစ်ကား၏နောက်မှ မောင်းနှင်လာသည့် ကားတစ်စီးလည်း ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ကဘူး ဧပြီ ၉

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့ဝင်များစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည်အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးကြောင်း အပေါင်းပါတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

လပေါင်းအတန်ကြာကာလအတွင်း နေတိုးတပ်ဖွဲ့အတွက် တစ်ကြိမ်တည်းဖြင့်လူသေဆုံးမှု အများဆုံးသောဖြစ်ရပ်ဖြစ်သည်။

အာဖဂန်နစ္စတန် တောင်ပိုင်းမှာပင် အစောပိုင်းက အလားတူ ဗုံးပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း နေတိုး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုယုဇ်နှင့် အာကာသစခန်းယာဉ် ချိတ်ဆက်မိ ပဉ္စမမြောက် အာကာသခရီးသည် လိုက်ပါသွား

ကိုရိုလော့ဗ်(ရုရှား) ဧပြီ ၁၀

ရုရှားအာကာသယာဉ်ဖြင့် အာကာသခရီးသည်အဖြစ် လိုက်ပါသွားသော အမေရိကန် အာကာသခရီးသည် ချားလ်စ်ဆီမွန်ယီသည် ဧပြီ ၉ ရက်တွင် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်သို့ ရောက်ရှိသွားပြီဖြစ်သည်။

အာရှတိုက်အလယ်ပိုင်းဒေသ အာကာသယာဉ်လွှတ်တင်ရေးစခန်းဆီမှ ဆိုယုဇ်ယာဉ်ကို လွှတ်တင်ပြီး နှစ်ရက်အကြာတွင် အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိခြင်းဖြစ်သည်။ ထိုယာဉ်တွင် အမေရိကန်အာကာသခရီးသည်နှင့်အတူ ရုရှားအာကာသယာဉ်မှူးနှစ်ဦးလည်း လိုက်ပါသွားသည်။ယင်းခရီးစဉ်တွင် လိုက်ပါနိုင်ရေးအတွက် ဆီမွန်ယီသည် အမေရိကန်ဒေါ်လာ ၂၅ သန်းပေးခဲ့ရသည်။

အာကာသသူရဲသုံးဦး လိုက်ပါသွားသော ဆိုယုဇ်အာကာသယာဉ်က အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိသွားသည့်မြင်ကွင်းကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ ထိုမြင်ကွင်းကို တွေ့ရသော ထိန်းချုပ်ရေးစခန်းမှ တာဝန်ရှိသူများသည် ဝမ်းသာအားရလက်ခုပ် သြဘာပေးခဲ့ကြသည်။ ယင်းထိန်းချုပ်ရေးစခန်းသည် မော်စကိုမြို့ပြင်တွင် တည်ရှိသည်။

ယခုခရီးစဉ်ကို ရုရှားအာကာသခရီးအေဂျင်စီ ရော့စ်ကော့စ်မော့စ်က စီစဉ်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရုရှား အာကာသယာဉ် ဆိုယုဇ် တီအမ်အေ-၁၀ နှင့် လိုက်ပါသွားသည့် အာကာသခရီးသည် ဘီလီယံနာသူဌေး ချားလ်စ်ဆီမွန်ယီကို ဧပြီ ၇ ရက်က အာကာသယာဉ် အတွင်း၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အရက်သောက်ပြီး မော်တော်ယာဉ်မောင်းနှင်မှု ထိုင်းတွင်အရေးယူမည်

ဗန်ကောက် ဧပြီ ၉

ထိုင်းနိုင်ငံ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်သည့် ဆောင်ခရန်ပွဲတော်ကာလအတွင်း အရက်သေစာသောက်စားကာ မော်တော်ယာဉ်မောင်းနှင်သူများကို ရဲတပ်ဖွဲ့က ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ထိုင်းသတင်းအေဂျင်စီက စနေနေ့တွင်သတင်းထုတ်ပြန်သည်။

ဆောင်ခရန်ရေသဘင်ပွဲတော်ကာလအတွင်းမော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရဲတပ်ဖွဲ့က အထူးစခန်းဖွင့်လှစ်ကာ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်ထောက်ရဲချုပ် ဆန်ဆင်ကော့က ပြောကြားသည်။

လွန်ခဲ့သည့်နှစ် ရေသဘင်ပွဲတော်ကာလအတွင်းက မော်တော်ယာဉ်မတော်တဆမှုများ၏ ၆၅ ရာခိုင်နှုန်းမှာ အရက်သေစာသောက်စား မောင်းနှင်ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင်ဗုံးဖောက်ခွဲ တိုက်ခိုက် ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဧပြီ ၆ ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်အနောက်ပိုင်းတွင် ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲသွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း စစ်ဘက်သတင်းတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုတွင် ကျေးလက်ရိုးရာ မြင်းရိုင်းစီးပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲသူတစ်ဦးကို ဧပြီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘိုလီးဗီးယားနိုင်ငံသားသုံးဦး မူးယစ်ဆေးဝါးမှုဖြင့် အဖမ်းခံရ

ဗျူနိုအေရိစ် ဧပြီ ၉

အာဂျင်တီးနား ရဲတပ်ဖွဲ့သည် ကိုကင်းမူးယစ်ဆေးဝါး ၃၆ကီလိုနှင့်အတူ ဘိုလီးဗီးယားနိုင်ငံသားသုံးဦးကို တနင်္ဂနွေနေ့က ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဖမ်းဆီးမိ

အာဂျင်တီးနားနိုင်ငံ ဆယ်လ်တာပြည်နယ် ဂျင်နရယ်ဂွိမက်စ်မြို့တွင် ယင်းသို့ ဖမ်းဆီးမိခြင်းဖြစ်သည်။ အဆိုပါမြို့သည် မြို့တော် ဗျူနိုအေရိစ်မှ ကီလိုမီတာ ၁၅၀၀ အကွာတွင် တည်ရှိသည်။

အဖမ်းခံရသူ သုံးဦးမှာ မူးယစ်ဆေးဝါး သယ်ဆောင်မှုတွင် ပါဝင်ပတ်သက်နေသူများ ဖြစ်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဖမ်းဆီးရမိသည့် ကိုကင်းမူးယစ်ဆေးဝါး တန်ဖိုးမှာ ကာလပေါက်ဈေး ပီဆို ၃၈၀၀၀၀(အမေရိကန်ဒေါ်လာ ၁၂၃၀၀၀)ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆောက်လုပ်ဆဲ ကုန်လှောင်ရုံပြိုကျ လေးဦးသေဆုံး

ကူမင်း ဧပြီ ၉

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် မြို့တော်ကူမင်း၌ ဧပြီ ၈ ရက် နံနက်က ဆောက်လုပ်နေဆဲ ကုန်လှောင်ရုံပြိုကျမှုဖြစ်ပွားရာလူလေးဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

ကွမ်ဒူဒေသ၌ ဧပြီ ၈ ရက်နံနက် ၉ နာရီ ၃၇ မိနစ်တွင် အဆိုပါ ကုန်လှောင်ရုံ ပြိုကျမှုဖြစ်ပွားပြီး ဒဏ်ရာရရှိသူများမှာ ဆောက်လုပ်ရေးလုပ်သားနှင့် ဒေသခံရွာသားများ ဖြစ်ကြောင်း မြို့ ရွာအလုပ်သမား လုံခြုံရေးဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတောင်ပိုင်း မာမွတ်ဒီယာမြို့တွင် ထရပ်ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုပ်မြင်သံကြားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် စင်ကာပူနှင့် မလေးရှားသဘောတူညီ

စင်ကာပူ ဧပြီ ၉

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် ရုပ်မြင်သံကြား လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီကြကြောင်း စင်ကာပူအစိုးရက ဧပြီ ၇ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသော မလေးရှားပြန်ကြားရေးဝန်ကြီး ဒါတွမ် ဆရီဇိန်နျူဒင်မေဒင်သည် စင်ကာပူပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာဝန်ကြီး လီဘွန်းယန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံ ရုပ်မြင်သံကြားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် ရုပ်မြင်သံကြား ဖျော်ဖြေရေးအစီအစဉ်များကို ပူးတွဲထုတ်လုပ်သွားကြရန် သဘောတူညီကြသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်တွင် ဆိုင်ကယ်သုံးစွဲမှုမြင့်တက်လာ

ဟန်နွိုင်း ဧပြီ ၉

ဗီယက်နမ်နိုင်ငံ၌ အသုံးပြုလျက်ရှိသော မော်တော်ဆိုင်ကယ်စီးရေသည် ၂၀၀၇ခုနှစ် နှစ်ဦးပိုင်းက စီးရေသန်း ၂၀ရှိရာမှ ၂၀၁၀ပြည့်နှစ်တွင် စီးရေ ၂၅ သန်းသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် စီးရေ ၃၁သန်းသို့လည်းကောင်း၊ ထိုမှ ၂၀၂၀ ပြည့်နှစ်တွင် စီးရေ ၃၅သန်းအထိလည်းကောင်း တိုးတက်လာဖွယ်ရာရှိကြောင်း စက်မှုမူဝါဒနှင့် မဟာဗျူဟာ လေ့လာရေးဌာနက ခန့်မှန်းဖော်ပြသည်။

ဆိုင်ကယ်ဝယ်လိုအားသည် ဖိမ်ခံဆိုင်ကယ်နှင့် သာမန်ဆိုင်ကယ်နှစ်မျိုးစလုံးအတွက် မြင့်တက်လာလျက်ရှိသည်။ ၂၀၀၆ ခုနှစ်က မော်တော်ဆိုင်ကယ် စီးရေ ၂ ဒသမ ၂သန်းသာ ဝယ်ယူခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ဆိုင်ကယ် စီးရေ ၂ ဒသမ ၅ သန်း သုံးစွဲမည်ဖြစ်သည်ဟု ဆိုသည်။

လူဦးရေ ၈၅ သန်းရှိသော ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်တွင် ဆိုင်ကယ်စီးရေ ၅၅၈၂၀၀ ထုတ်လုပ်ခဲ့သည်။ ထိုပမာဏသည် ယခင်နှစ်အလားတူကာလနှင့်စာလျှင် ၂၁ ရာခိုင်နှုန်း တိုးမြင့်လာသည်ကို ဖော်ပြသည်။ တစ်ချိန်တည်း၌ပင် ဗီယက်နမ်နိုင်ငံသည် မော်တော်ဆိုင်ကယ်စက်ပစ္စည်း အစိတ်အပိုင်းများကို တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁၆၄သန်း ဖိုးဝယ်ယူတင်သွင်းခဲ့သည်။ များသောအားဖြင့် ထိုပစ္စည်းများကို ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ တင်သွင်းခြင်းဖြစ်သည်။

တစ်ဖက်မှလည်း ပြည်တွင်းမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းသည် မော်တော်ဆိုင်ကယ်များနှင့် ပစ္စည်းအစိတ်အပိုင်းများကို အာရှနိုင်ငံများသို့ အဓိက တင်ပို့ရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၀၆ ခုနှစ်အတွင်းက ဗီယက်နမ်ဆိုင်ကယ်များကို လာအိုနှင့်ဖိလစ်ပိုင်သို့ တင်ပို့ခွင့်ရရှိခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနှင့် နီပေါ မြို့ကြီးငါးမြို့ ရထားလမ်းများ ဖောက်လုပ်မည်

ခတ္တမန္ဒူ ဧပြီ ၉

အိန္ဒိယနိုင်ငံသည် ယင်း၏ နယ်စပ်ဒေသနှင့် ထိစပ်နေသော နီပေါ တောင်ပိုင်း မြို့ကြီး ငါးမြို့နှင့် ဆက်သွယ်သည့် ရထားလမ်းများကို ဖောက်လုပ်သွားရန်စီစဉ်လျက်ရှိကြောင်း ဟိမဝန္တာ တိုင်းမ်စ် သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

နီပေါနိုင်ငံရှိ မြို့ကြီးများနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း တိုးချဲ့ရန် အိန္ဒိယ ရထားလုပ်ငန်းအောက်ရှိ နည်းပညာနှင့် စီးပွားရေးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် အကြံပြုထားကြောင်း အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နီပေါမြို့ကြီးများနှင့် ဆက်သွယ်သည့် ရထားခရီးစဉ်များ တိုးချဲ့ရေးဆိုင်ရာ ဖြစ်တန်ခြေ လေ့လာမှုကို မကြာမီ စတင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီရူးကမ်းလွန်တွင် သဘော်ာနစ်မြုပ် ထိခိုက်မှုမရှိ

လီမာ ဧပြီ ၉

ပီရူးနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်တွင် တနင်္ဂနွေနေ့က ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သင်္ဘောသည် ပါရာကက်စ် ပင်လယ်အော်အနီးတွင် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲက လှိုင်းမိကာ နစ်မြုပ်ခြင်းဖြစ်ကြောင်း၊ သင်္ဘောပေါ်ပါလာသူအားလုံးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါရာကက်စ် ပင်လယ်အော်သည် ပီရူးနိုင်ငံ မြို့တော်လီမာမှ ကီလိုမီတာ ၂၅၀ ခန့်အကွာတွင် တည်ရှိသည်။

ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ကြီးမားသည့် လှိုင်းလုံးများ ဖြစ်ပေါ်ရကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်တောင်ဘက်တွင် သိုးကျောင်းသားများ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့် အကွာရှိ ကာဘာလာမြို့အနီး ကျေးရွာတစ်ရွာမှ သိုးကျောင်းသား ၂၂ ဦးထက်မနည်း ပြန်ပေးဆွဲခံရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရဲဝတ်စုံဝတ်ဆင်ထားသည့် သေနတ်သမားများသည် သိုးများတင်ဆောင်လာသည့် ထရပ်ကားကို ကြားဖြတ်ဟန့်တားကာ သိုးများ၊ လက်နက်များနှင့်အတူ ထရပ်ကားကို သိမ်းပိုက်လိုက်ပြီး သိုးကျောင်းသားများကိုပါ ဖမ်းဆီးသွားခဲ့သည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

၎င်းသေနတ်သမားများသည် ပြန်ပေးဆွဲပြီးနောက် အန်ဘာပြည်နယ်သို့ ဦးတည်သွားကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံ ဗလင်ဆီယာပင်လယ်ပြင်တွင် ကျင်းပသည့် ရွက်လှေပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော ရွက်လှေများကို ဧပြီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူ့စွန့်ပစ္စည်းမှ ဓာတ်အားထုတ်လုပ်ရန် လော့စ်အိန်ဂျလိစ်တွင် စက်ရုံတည်ဆောက်

လော့စ်အိန်ဂျလိစ် ဧပြီ ၉

လူ့စွန့်ပစ္စည်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် ပင်လယ်ဆိပ်ကမ်းအနီးတွင် ဧပြီ ၆ ရက်က စတင်တည်ဆောက်ကြောင်း၊ ယင်းစက်ရုံသည် အိမ်ခြေ ၃၀၀၀ ကို လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးမည့်စက်ရုံဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လူ့စွန့်ပစ္စည်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းသည် စွမ်းအင်စီမံကိန်းတစ်ရပ်ဖြစ်ပြီး စီးပွားရေးအကျိုးအမြတ် ရရှိမည်ဖြစ်ကြောင်း ယင်းစက်ရုံ အုတ်မြစ်ချပွဲ၌ မြို့တော်ဝန် အန်တိုနီအို ဗီလာရိုင်ဂိုဆာက ပြောကြားသည်။

လူ့စွန့်ပစ္စည်းမှ ထွက်ရှိလာသော မီသိန်းဓာတ်ငွေ့ကို လောင်ကျွမ်းစေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ် ပြည်သူ့ဆောက်လုပ်ရေးဌာနက ပြောကြားသည်။ လူ့စွန့်ပစ္စည်းကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထွက်ပေါ်လာမည်ဖြစ်သော်လည်း ယင်းဓာတ်ငွေ့ တန် ၈၂၀၀၀ ကို ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ယင်းဌာနက ဖော်ပြသည်။

ယင်းစက်ရုံပြီးစီးပါက လျှပ်စစ်ဓာတ်အား ၃ ဒသမ ၅ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ပြီး နှစ်စဉ် အမေရိကန် ဒေါ်လာ ၂ ဒသမ ၄ သန်း ဝင်ငွေရရှိမည် ဖြစ်ကြောင်း အဆိုပါဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်စီဒီ ရုပ်မြင်သံကြားဖန်သားပြင်များ မလေးရှားတွင် စတင်ထုတ်လုပ်

ကွာလာလမ်ပူ ဧပြီ ၉

ဂျပန်နိုင်ငံရှိ မတ်ဆုရှိတာ စက်မှုလုပ်ငန်းကုမ္ပဏီသည် အယ်လ်စီဒီ ရုပ်မြင်သံကြားဖန်သားပြင်များကို မလေးရှားနိုင်ငံတွင် စတင်ထုတ်လုပ်လျက်ရှိကြောင်း ဧပြီ ၈ ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

မတ်ဆုရှိတာကုမ္ပဏီသည် အယ်လ်စီဒီ ရုပ်မြင်သံကြားဖန်သားပြင်များ ထုတ်လုပ်နိုင်ရန် အာရှတွင် ယင်းကုမ္ပဏီ၏ ပထမဆုံးသောစက်ရုံကို ထူထောင်ခဲ့ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် အယ်လ်စီဒီရုပ်မြင်သံကြားဖန်သားပြင် ဝယ်လိုအားမှာ ယခုအခါ ၅၁သန်းရှိရာမှ ၂၀၁၀ပြည့်နှစ်ထက် နောက်မကျဘဲ သန်း ၁၀၀အထိ ရောက်ရှိလာမည်ဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

မတ်ဆုရှိတာကုမ္ပဏီသည် ယခုလောလောဆယ်တွင် မလေးရှားနိုင်ငံအတွက် အယ်လ်စီဒီရုပ်မြင်သံကြားဖန်သားပြင် ၃၀၀၀၀ ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။ ယခုနှစ်အတွင်း စင်ကာပူနိုင်ငံသို့ အယ်လ်စီဒီရုပ်မြင် သံကြားဖန်သားပြင် ၂၀၀၀၀ တင်ပို့ ရောင်းချနိုင်မည်ဟု မျှော်လင့်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ ဒါရာအစ္စမေးလ်ခန်းမြို့တွင် အမဲလိုက်လင်းယုန်မွေးမြူလေ့ကျင့်ရေးစခန်း၌ မွေးထားသောလင်းယုန် တစ်ကောင်ကို ဧပြီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကွန်ပျူတာ အခြေခံနှင့် မွမ်းမံသင်တန်းဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်

နေပြည်တော် မေ ၁၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ကွန်ပျူတာအခြေခံသင်တန်း (၃/၂၀၀၆-၂၀၀၇) (အချိန်ပြည့်)နှင့် ကွန်ပျူတာ မွမ်းမံသင်တန်း (၃/၂၀၀၆-၂၀၀၇)(အချိန်ပိုင်း) ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသန ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ဝန်ကြီးနှင့် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က သင်တန်း တွင် ထူးချွန်ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

အဆိုပါ သင်တန်းကို ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသို့ သစ်တောရေးရာဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၅၉ဦး တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကွန်ပျူတာ အခြေခံသင်တန်း (၃/၂၀၀၆-၂၀၀၇)(အချိန်ပြည့်)နှင့် ကွန်ပျူတာ မွမ်းမံသင်တန်း (၃/၂၀၀၆-၂၀၀၇) (အချိန်ပိုင်း) ဆင်းပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦး အား ဆုချီးမြှင့်စဉ်။ (သစ်တော)

မြန်မာ့သင်္ကြန်

☆ ထက်ကောင်းကင် ပူရှိန်ပြင်း
မြူတိမ်ကင်း နေမင်းသာ
စိတြကြယ် ဝင်းပပ
သင်းမြမြဖြာ၊
ပန်းပိတောက် ရွှေပွင့်လွှာ
လေသင့်ရာ ဝဲကာမြူး
ဥသြငှက် တေးသီသံ
ဝေးဆီပျံ့ကူး။

☆ ဒိုးစည်သံ တသိမ့်သိမ့်
တခြိမ့်ခြိမ့် မြည်သံစည်
တစ်နှစ်ကုန် တစ်နှစ်ကူး
သစ်ထူးခဲ့ပြီ၊
မြန်မာတို့ တိုင်းဌာနီ
နှိုင်းရာမီ သင်္ကြန်ပွဲ
နံ့သာရေ သပြေခက်
ရေပက်ကြမြဲ။

☆ မြတ်သံဃာ အမှောင်ခွင်း
အရောင်လင်း စိတ်ကြည်လင်
ပြည်နိဗ္ဗာန် ပြုထုတ်ဖော်
ဥပုသ်တော်ဝင်၊
မြန်မာတို့ စိတ်ပျော်ရွှင်
မိတ်ဖော်ပင် မျှဝေကမ်း
လှူဒါန အများဆီ
တရားစည်ရွှမ်း။

☆ သက်ကြီးသူ အဘိုးဘွား
ဆတိုးပွား လွန်ကြည်ညို
ညစ်ကြေးဖယ် ခေါင်းလျှော်ပေး
ပေါင်းဖော်တေးဆို၊
ပြည်မြန်မာ စိမ်းလန်းစို
ငြိမ်းချမ်းပို သာယာကြောင်း
မြတ်စေတီ ထံတော်ပါး
ပန်ကြား ဆုတောင်း။ ။

ဇော်ချစ်(ဟိုင်းကြီးကျွန်း)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀-၅-၂၀၀၇)

မြစ်ကြီးနား	၁ ဒသမ ၅၀ လက်မ
ခန္တီးနှင့်မြိတ်	၁ ဒသမ ၂၆ လက်မ
ဟုမ္မလင်း	၀ ဒသမ ၉၀ လက်မ
ကလေး	၀ ဒသမ ၅၉ လက်မ
မိုးကုတ်	၁ ဒသမ ၂၈ လက်မ
ကန့်ဘလူ	၀ ဒသမ ၂၇ လက်မ

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဆင်း အရည်အသွေးမြင့်မားရေးရည်ရွယ်ဖွင့်လှစ်

ရန်ကုန် မေ ၁၀

မြို့နယ်တရားသူကြီးများ မွမ်းမံ သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန် မြို့ တရားရုံးချုပ် လေ့ကျင့်ရေးဌာန (လှိုင်သာယာ)၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ တရားရုံး ချုပ် ဒုတိယတရားသူကြီးချုပ်များ ဖြစ်ကြသော ဦးသိန်းစိုးနှင့် ဦးထွန်း ထွန်းဦး၊ တရားရုံးချုပ် တရားသူကြီး များ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြား ရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီး နှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် တရားသူကြီးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယတရားသူကြီး ချုပ် ဦးသိန်းစိုးက သင်တန်းဆင်းအမှာ စကားပြောကြားပြီး သင်တန်း၌ ပထမ ဆုရရှိသော သင်တန်းသား ဦးနေလင်း အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၄ရက်မှစ၍ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တရားရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင် လျက်ရှိကြသည့် တရားသူကြီးများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၅) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် နှစ်ဦးတရားပွဲ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံကြီးတွင် နှစ်ဦးတရားပွဲ ကျင်းပမည်ဖြစ်ရာ မေ ၁၇ရက် တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ ၁၈ရက်တွင် တိပိဋကဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာ ဘိဝံသကလည်းကောင်း၊ ၁၉ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ စွန်လွန်း ဆရာတော် ဘဒ္ဒန္တ သုန္ဒရကလည်းကောင်း၊ ၂၀ရက်တွင် ပခုက္ကူဆရာတော် ဘဒ္ဒန္တ ကုန္ဒောဘာသ(အနိစ္စဆရာတော်)တို့က ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက် ကြောင်း တရားတော်များဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၀

ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မေ ၁၈ရက်မှ ၂၂ရက် အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်ကြောင်း သိရှိရသည်။ (က-ပ)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ မဟာသင်္ကြန်ရက်များအတွင်း စုပေါင်းဒါနပြုမည်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ၌ မဟာသင်္ကြန်အကြိုနေ့ညနေတွင် ဘိုးဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများစုပေါင်း၍ ဆွမ်းတော်ကြီးပွဲများလှည့်လည်ပြီး မဟာသင်္ကြန်အကျနေ့ နံနက်စောစောတွင် မြတ်စွာဘုရားအားရည်မှန်း၍ အရဏ်ဆွမ်း ဆွမ်းတော်ကြီး စုပေါင်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။ မဟာသင်္ကြန်အကြိုနေ့မှ မြန်မာ နှစ်ဆန်းတစ်ရက်အထိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများက ဘိုးဘွားများအား နေ့စဉ်ကျွေးမွေးလှူဒါန်းကြမည်ဖြစ်ပြီး နှစ်ဆန်း တစ်ရက် နံနက်ပိုင်းတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြမည် ဖြစ်သည်။

နှစ်ဆန်းတစ်ရက် နံနက် ၇နာရီမှစ၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများက ဘိုးဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကုသိုလ်ယူဆောင်ရွက်ပေးကြမည်ဖြစ်ပြီး ညနေ ၄နာရီတွင် ငါးလုပ်ငန်းဦးစီးဌာနက လှူဒါန်းသည့် ငါးကောင်ရေ ၄၀၀၀ကို ဘိုးဘွားများက စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော်ကြီးသို့ သွားရောက်၍ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြမည်ဖြစ်သည်။ ဆက်လက်၍ ပင့်သံဃာတော်များ အား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ပြီး ညနေ ၅နာရီတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြမည်ဖြစ်သည်။

ကျွေးမွေးလှူဒါန်းမည်

အလှူရှင်များကလည်း မဟာသင်္ကြန် အကြိုနေ့မှစ၍ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ် စသည့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာသင်္ကြန်ရက်အတွင်း မထသယာဉ်လိုင်းများ ပြေးဆွဲမည်

နေပြည်တော် မေ ၁၀

မဟာသင်္ကြန်ရက်အတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) စီမံမှုအောက်ရှိ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများအနက် အချို့ယာဉ်ကြီးလိုင်းများကို မေ ၁၃ရက်မှ မေ ၁၆ရက်ထိ လိုင်းပြေးဆွဲမှု ရပ်နားထားမည်ဖြစ်သည်။

ပုံမှန်အတိုင်းပြေးဆွဲမည်

ကျန်ယာဉ်ကြီးလိုင်းများ၊ ဘတ်စ်ယာဉ်လိုင်းများ၊ ကားလတ်ယာဉ်လိုင်းများ၊ ဟိုင်းလတ် သီးသန့်ယာဉ်လိုင်းနှင့် ယာဉ်ငယ်လိုင်းအပါအဝင် ယာဉ်လိုင်းပေါင်း ၈၅လိုင်း၊ ယာဉ်စီးရေ ၁၅၇၄စီးခန့်ကို နံနက် ၅နာရီမှ ည ၆နာရီအထိ ပုံမှန်အတိုင်း ပြေးဆွဲမည်ဖြစ်ကြောင်း၊ ယာဉ်စီးခမှာ မူလသတ်မှတ် နှုန်းထားအတိုင်း တောင်းခံသွားမည်ဖြစ်ကြောင်းနှင့် မေ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)မှ စတင်၍ ပုံမှန်အတိုင်း ယာဉ်လိုင်းအားလုံး ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပမည် ရေပက်ခံမဏ္ဍပ်တိုင်းမှ တာဝန်ခံများက မိမိတို့မဏ္ဍပ်အလိုက် ကြပ်မတ်ဆောင်ရွက်ကြရန်လို

ရန်ကုန် ဧပြီ ၁၀

၂၀၀၇ခုနှစ် မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဗဟိုကော်မတီနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဧပြီ ၃ရက် နံနက် ၁၀နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပသော ၂၀၀၇ခုနှစ် မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

၂၀၀၇ခုနှစ် မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ကော်မတီဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယခုနှစ် မန္တလေး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား မြန်မာ့ဓလေ့ထုံးတမ်းများ မပျောက်စေဘဲ အဆိုပါဓလေ့ထုံးတမ်းများနှင့် အညီ ရိုးရာမပျက် ထိန်းသိမ်းကျင်းပသွားရေး၊ မန္တလေး မြို့သူမြို့သားများနှင့် လာရောက်ရေပက်ကစားသူများအနေဖြင့် စိတ်နှလုံးရွှင်လန်းချမ်းမြေ့စွာဖြင့် မြန်မာနှစ်သစ်ကူးရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ပြည်သူများအနေဖြင့် မိမိတို့၏ တစ်နှစ်တာ ပင်ပန်းနွမ်းနယ်မှုများအား အတာရေအေးဖြင့် ပက်ဖျန်းပြီး နှစ်သစ်တွင် နိုင်ငံ့တာဝန်များအား စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးနှင့် မြန်မာမှုမြန်မာ့ဟန်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြရေးဟူသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် အကောင်အထည်ဖော် ကျင်းပသွားမည်ဖြစ်ကြောင်း။

ရေသဘင်ပွဲတော်ဖြစ်သော်လည်း ရေကို အကျိုးရှိရှိ ထိထိရောက်ရောက် ပက်ဖျန်းကစားကြရန် လိုကြောင်း၊ ရေပက်ခံမဏ္ဍပ်တိုင်းမှ တာဝန်ခံများက မိမိတို့မဏ္ဍပ်အလိုက် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခင်နှစ်အတိုင်း ရေကစားမည်ဆိုပါက ယခုနှစ်တွင်လည်း ရေဂါလန်ပေါင်း ၅၆ သန်းခန့် အသုံးပြုရမည်ဖြစ်ကြောင်း၊ ရေကို အကြောင်းမဲ့ ဆုံးရှုံးမှုမရှိစေရေးအတွက် ချွေတာကြရန် မှာကြားလိုကြောင်း၊ သင်္ကြန်ပွဲတော်သည် နှစ်စဉ် ကျင်းပမြဲဖြစ်သည့်အတွက် ပေါ့ပေါ့လျော့လျော့ ဆောင်ရွက်ခြင်းမပြုကြရန်နှင့် လုံခြုံရေး ရှုထောင့်၊ ကျန်းမာရေး ရှုထောင့် စသည့် ရှုထောင့်မျိုးစုံမှ တွက်ချက်စဉ်းစားပြီး အဘက်ဘက်မှ ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က မဟာသင်္ကြန်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားမှုအခြေအနေများ၊ နန်းမြို့ရိုး ကျုံးပတ်ပတ်လည်တွင် ပုဂ္ဂလိကမဏ္ဍပ်များနှင့် ဌာနဆိုင်ရာ မဏ္ဍပ်များဖြင့် နေရာချထားမှု၊ ဈေးဆိုင်များမှ ဈေးရောင်းချမည့်နေရာ သတ်မှတ်ထားမှုများနှင့် ရေသုံးစွဲမှုများအား စနစ်တကျဖြစ်စေရေးအတွက် စီမံထားရှိမှုတို့ကို အသေးစိတ်တင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းက လုပ်ငန်းကော်မတီ ၁၀ခုဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတာဝန်များအား ဖတ်ကြားတင်ပြကာ ကော်မတီအလိုက် တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းကော်မတီအလိုက် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများအား တင်ပြကြရာ တိုင်းမှူးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး မန္တလေး မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးအား ရုပ်သိမ်းလိုက်ပြီး တိုင်းမှူးသည် မြို့တော်ဝန်မဏ္ဍပ် ဒီဇိုင်းပုံစံအား ကြည့်ရှုရွေးချယ်ပေးကာ ပြန်လည်ထွက်ခွာသွားသည်။ ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် မန္တလေးကျုံးမြို့ရိုး၏ မြောက်ဘက်တွင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ငါးခု၊ အရှေ့ဘက်တွင် ၁၉ခု တောင်ဘက်တွင် ၁၆ခု အနောက်ဘက်တွင် ခုနစ်ခုအပြင် ဌာနဆိုင်ရာ မဏ္ဍပ် ၁၃ ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်းနှင့် ဗဟိုမဏ္ဍပ်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးဝင်းအတွင်း၌ လှပခံ့ညားစွာ ဆောက်လုပ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် လိုက်ပါလျက် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၃လမ်းနှင့် ၂၄လမ်းကြား၊ ၈၂ လမ်း၊ ပြည်ကြီးကျက်သရေ အရှေ့ရပ်ရှိ ရွှေကျီးမြင်ဘုရားသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် ရွှေကျီးမြင် မြတ်စွာဘုရားအား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ဘုရားကန်တော့သည်။

ဆက်လက်၍ ဘုရားပရိဝုဏ်အတွင်းရှိ ရုပ်စုံဓမ္မာရုံ၌ ဆွေးမြည့်ပျက်စီးနေသည့် ကျွန်းတိုင်များအစား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်နေမှု၊ မျက်နှာကြက်များ အသစ် တပ်ဆင်ပြုလုပ်နေမှုများအား သွားရောက် ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ပြင်ဆင်မှုလုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ မျက်နှာကြက်တွင် သံဆန်ခါ အကွက်များဖြင့် မျက်နှာကြက်ပြုလုပ်ရေးနှင့် ဂန္ဓကုဋိတိုက်အတွင်း သန့်ရှင်းရေး ဆောင်ရွက်ထားရှိရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကွန်ကရစ်တိုင်လုံးများ၌ မြန်မာမှုအရုပ်များ တပ်ထားမှုနှင့် မူလကျွန်းတိုင်ဟောင်းကြီးများရှိရာ နေရာတို့အား ကြည့်ရှုကာ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ပြန်လည် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ဂျော်ဘာနှင့် သီဟိုဠ်ခြံသို့ သွားရောက်စစ်ဆေးရာ ဝန်ကြီးက စိုက်ပျိုးပြီး ဂျော်ဘာပင်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂျော်ဘာ မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။

သာဂရစက်မှုနယ်မြေ

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဧပြီ ၉ရက် နံနက်ပိုင်းတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ ရောက်ရှိစစ်ဆေးရာ ဝန်ကြီးက တာဝန်ရှိသူတို့၏ ရှင်းလင်းချက်များအပေါ် စီမံကိန်းတစ်ခုချင်းအလိုက် တည်ဆောက်ရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ မြေထိုးစက်၊ မြေတူးစက် ထုတ်လုပ်မှု၊ စက်ရုံစီမံကိန်းအတွက် စက်ပစ္စည်းများရောက်ရှိပါက အချိန်မီ တပ်ဆင်နိုင်ရန်အတွက် တည်ဆောက်မှုလုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရေး၊ အလေအလွင့်နည်းပါးရေးနှင့် စက်သုံးဆီချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံများ တည်ဆောက်နေမှု လုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● NLD မှ

ရွှေကျေးရွာမှ ဦးညိုဝင်းနှင့် ဦးတင်ဇော်၊ ကျိုက်လတ်ကျေးရွာမှ ဦးရွှေဝင်းနှင့် ဦးသန်းစိုးတို့ အပါအဝင် သုံးဦးတို့ အပါအဝင် ပါတီဝင် ၇၃ ဦးတို့သည် မတ် ၁၆ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကန်ကြီးထောင့် မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLDပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကို အန္တရာယ်ကျရောက်အောင် ကြံစည်လုပ်ဆောင်နေသည်ကို တွေ့မြင်လာသဖြင့် ၎င်းတို့၏ လုပ်ရပ်အပေါ် စိတ်ပျက်မိကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှု မရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ်မှလည်းကောင်း ပါတီ၏လုပ်ငန်းတာဝန်များမှ လည်းကောင်း မိမိတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

❍ ဟမ်းဘက်ဝေလငါးမှ

သည့် ပင်လယ်ရေပြင်ရှိရာသို့ သွားရောက်လေ့ရှိသည်ဆိုသော အယူအဆတစ်ရပ်ကိုလည်း အဏ္ဏဝါသုတေသီများ လေ့လာခဲ့ကြသည်။

အချို့သော ဟမ်းဘက် ဝေလငါးများသည် အန္တာတိကဒေသမှသည် အီကွေတာကိုဖြတ်သန်းကာ ကော်စတာရီကာနိုင်ငံအထိ တိုင်အောင် အလွန်ရှည်လျားလှသည့် ခရီးကို ကူးခတ်သွားလာကြောင်း၊ ယင်းခရီးတာမှာ ကီလိုမီတာ ၈၃၀၀ အထိ ရှည်လျားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်တာနက်

သန်လျင်မြို့ သိမ်ကျောင်း ပရိယတ္တိစာသင်တိုက် ဓမ္မာသီရိဓမ္မဗိမာန်တော်ကြီးတွင် ဧပြီ ၄ ရက်က ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ် သင်တန်းဆင်းပွဲ ကျင်းပပြီး ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က အလှူငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ သင်တန်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်လှိုင် လက်ခံရယူစဉ်။ (၅၂၇)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ကူးလူးဆက်သွယ် ချစ်ကြိုးနွှယ် (ကရင်၊ မွန်)
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Happy and (Educational) English Summer Course MRTV.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၅၅ ၅။ မြန်မာစာ၊ မြန်မာစကား
၅:၁၀ ၆။ သီချင်းကြီးပဒေသာ
၅:၂၀ ၇။ ခါသင်္ကြန်အဆိုအကများ
၅:၃၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ Discovery
၇:၁၅ ၁၄။ **"အား-နာတယ်" (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရော၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၇:၃၀ ၁၅။ ကြေးမုံရိပ်သွင်တေးနှယဉ်
၇:၄၀ ၁၆။ ခါသင်္ကြန်အဆိုအကများ
၇:၅၀ ၁၇။ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် [၁၃၆၇ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် (၄)ရက်၊ သင်္ကြန်အတက်နေ့]
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **"မြန်မာရုပ်ရှင်" "မျက်နှာများတဲ့ကောင်းကင်" (အပိုင်း-၁) (ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)]**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

အင်တာနက်သတင်း

တူရကီတွင် လေယာဉ်ပြန်ပေးဆွဲသူကို အန်ကာရာလေဆိပ်တွင် ဖမ်းဆီးလိုက်နိုင်

အန်ကာရာ ဧပြီ ၁၀

တူရကီနိုင်ငံတွင် ပြည်တွင်းခရီးသည်တင် လေယာဉ်တစ်စင်းကို ပြန်ပေးဆွဲရန် ကြိုးပမ်းသူတစ်ဦးကို အာဏာပိုင်များက အန်ကာရာလေဆိပ်၌ ဖမ်းဆီးလိုက်နိုင်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

လေယာဉ်ပြန်ပေးဆွဲရန်ကြိုးပမ်းသူမှာ မာမက်ဂိုဆင်အိုးလ်ဆိုသူဖြစ်ပြီး လေယာဉ်ကိုအီရန်နိုင်ငံသို့ ပျံသန်းရန်တောင်းဆိုကြောင်း၊ ယင်းတောင်းဆိုချက်ကို မလိုက်လျောပါက လေယာဉ်ကို ဖောက်ခွဲပစ်မည်ဟု လေယာဉ်မှူးများအား ခြိမ်းခြောက်ခဲ့ကြောင်း လေဆိပ်လုံခြုံရေးတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ လေယာဉ်မှူးသည် လေယာဉ်ကို အန်ကာရာလေဆိပ်တွင် ဆင်းသက်ခဲ့သည်။

တူရကီနိုင်ငံရှိ ပီဂါဆပ်လေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်သည် ဒီယာဘာကီယာမြို့မှ အစ္စတန်ဘူးလ်မြို့သို့ ခရီးစဉ်ပျံသန်းလာချိန်အတွင်း ဂိုဆင်အိုးလ်သည် လေယာဉ်မောင်းခန်းအတွင်းသို့ ဝင်ရောက်ခဲ့ပြီး လေယာဉ်မှူးအား ခြိမ်းခြောက်ခဲ့သည်။

ယင်းသို့ခြိမ်းခြောက်ခဲ့သော်လည်း ၎င်းတွင် မည်သည့်လက်နက်မျှ မပါရှိကြောင်း၊ ဖောက်ခွဲရေးပစ္စည်းများကိုလည်း လေယာဉ်ပေါ်တွင် မတွေ့ရှိရကြောင်း လုံခြုံရေးတာဝန်ရှိသူက ပြောကြားသည်။

အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၁၇၈ဦးပါရှိပြီး မည်သည့်ခရီးသည်မျှ ထိခိုက်မှုမရှိခဲ့ပေ။ လေယာဉ်ပြန်ပေးဆွဲသူသည် လေယာဉ်ကို အဘယ်ကြောင့် အီရန်နိုင်ငံသို့ ပျံသန်းခိုင်းသည်ကို မသိရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အင်တာနက်

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ (Grand Royal Special Reserve Golf Championship 2007 Final Round) ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် တီခုံ(၁)(Tee 1st) ၌ နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် IBTC မှ Design and Development ဒါရိုက်တာဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဗိုလ်လုပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲကို ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ည ၇ နာရီတွင် Hotel Nikko Royal Lake Yangon ၌ ကျင်းပရာ IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးအောင်ကြည်တို့အား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ MPGA နှင့် MGF အမှုဆောင်ဦးကိုကိုလေးက PRO-AM အသင်းလိုက် ပြိုင်ပွဲတွင်ပထမ၊ ဒုတိယ ရရှိကြသော အသင်းများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က Professional Golfers တစ်ဦးချင်းပြိုင်ပွဲတွင် စတုတ္ထနှင့်ပဉ္စမအဆင့် ရရှိသူတို့အား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Professional Golfers တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမရရှိသွားသော စိုးကျော်နိုင် (SRIXON)၊ ဒုတိယရရှိသွားသော ခင်ဇော်ဝင်းနှင့် တတိယရရှိသွားသော နိုင်နိုင်လင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ IBTC မှ Admin and Finance ဒါရိုက်တာဦးလွင်အောင်အေးက ဂရင်းရွိုင်ရယ် စပါယ်

ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ပထမရရှိသွားသော ရန်နိုင်ဖြိုး (ရန်ကုန်) အား တံခွန်စိုက်ဆုဖလားနှင့် အတူတွေ့ရစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ရှယ်ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Final Round ပြိုင်ပွဲတွင် Nett Total (၁၄၀) ဖြင့် တတိယရရှိသော သူရကျော်(တောင်ကြီး)နှင့် Nett Total (၁၄၀) ဖြင့် စတုတ္ထရရှိသောဝင်းထွန်းသိန်း(ရန်ကုန်)တို့အား ဆုများကိုချီးမြှင့်သည်။

လက်ခံ

ထို့နောက် IBTC မှ Design and Development ဒါရိုက်တာဦးတင့်ဦးက Nett Total (၁၃၈) ချက်ဖြင့် ပထမရရှိသော ရန်နိုင်ဖြိုး (ရန်ကုန်)နှင့် Nett Total (၁၄၀) ဖြင့် ဒုတိယရရှိသော ခင်မောင်မြင့် (ရန်ကုန်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး IBTC ကချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ City Golf Resort မှတာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd ဖြစ်၍ Co-Sponsors များအဖြစ် Air Mandalay, Hotel Nikko, Srixon နှင့် Alpine Purified Drinking Water တို့က ထပ်မံ၍ ကူညီပံ့ပိုးပေးကြပြီး နောက်ဆုံးဗိုလ်လုပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဒေါ်လှပန်းလမ်းနေ ဦးခင်မောင်-ဒေါ်ငွေရှင်၊ သမီး ဒေါက်တာ စုစုမင်း၊ ဒေါက်တာယုယုသင်း မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို မင်းကွန်းအနုနာယကဆရာတော်ဘဒ္ဒန္တ ဝိနယထံရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် မိဘများအား ရည်စူး၍ မိုးညှင်းယောဂီ ဒေါ်ညွှန့်ညွှန့်ဌေး၏ မွေးနေ့အလှူအဖြစ် ကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဧပြီ ၁၀

ရှေ့နေချုပ် ဦးအေးမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးအုပ်ချုပ်ရေးဒေသ မကာအိုမြို့၌ ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် "စတုတ္ထအကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များ အစည်းအဝေး"သို့တက်ရောက်ရန် ဧပြီ ၈ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ရှေ့နေချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တရားသူကြီးချုပ် ဦးအောင်တိုး၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ရှေ့နေချုပ်ဦးအေးမောင်နှင့်အတူ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးတီခွန်မြတ်၊ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဦးဇော်လင်းမောင်တို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်ရှိ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ ထာဝရ ငွေရတုပဒေသာပင်အတွက် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနေ ဖခင်ဦးလူမောင်အား အမှူးထား၍ သားဦးထွန်းရွှေက ငွေကျပ်တစ်သိန်းကို အသင်းအမှုဆောင် ဦးအောင်ဌေး(ဘဏ္ဍာရေးမှူး) ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် တောင်အာဖရိကနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၁၀

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ဧပြီ ၂ ရက်မှ ၅ရက်အထိ ကျင်းပသည့် "ပဉ္စမအကြိမ် ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်ဂုဏ်သိက္ခာ ကာကွယ်ထိန်းသိမ်းရေး မျက်နှာစုံညီဝန်ကြီးအဆင့်အစည်းအဝေး"သို့ တက်ရောက်ခဲ့ပြီး ဧပြီ ၉ရက်နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယရှေ့နေချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ရုံးအဖွဲ့မှူး ဦးဝီရှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်နှင့်အတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်လည်း ပြန်လည်လိုက်ပါလာသည်။

အစည်းအဝေးသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့်အတူ တောင်အာဖရိကနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်တို့လည်း ပါဝင်တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားလွယ်ကူလျင်မြန်စွာ ထုတ်ပေးရေးအစီအစဉ်အရ စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဧပြီ ၈ရက်က ဆောင်ရွက်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးကြည်မြင့်က ကာယကံရှင်များ လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (ဝ၄)

အဘိဓမ္မာသင်တန်း

ရန်ကုန် ဧပြီ ၁၀

ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရန်အေးလမ်း ဓမ္မိကဓမ္မာရုံတော်ကြီး၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာနမှ ကထိကဆရာတော်အရှင်ပဏ္ဍိတ(မဟာဓမ္မာစရိယ၊ M.A.,Buddhism)က အခြေခံအဘိဓမ္မာသင်တန်းများကို ဧပြီ ၂၈ရက်(စနေနေ့)မှစ၍အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ ၁၀ နာရီခွဲအထိ ဓမ္မဒါနသင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၈။ ခါသကြ်ာန်အဆိုအကများ
- **၅:၄၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၅၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ခါသကြ်ာန်အဆိုအကများ
- **၆:၃၅** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၀** ၁၆။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၆)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ English Usage
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၁၈)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဆရာဝန်အသင်းတိုက် အနီးရှိ စိတ်တိုင်းကျ စားသောက်ဆိုင်၌ကျင်းပရာ အသင်းနာယက ဦးစိုးမြင့် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ကြွေထည်မြေထည်လုပ်ငန်း-ငြိမ်း)က တက္ကသိုလ်ဝင်စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင်မောင်စွမ်းပြည့်ဟိန်းအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ညနေပိုင်းအစား နံနက်ပိုင်းတွင်ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

၂၀၀၇ ခုနှစ် ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဧပြီ ၁၁ရက်တွင် ညနေ ၄နာရီအစား နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၇:၀၅	အနှိုင်းမဲ့မှ အနှိုင်းမဲ့သို့ တရားတော်(အပိုင်း-၁) (အရှင်ဆန္ဒာဓိက)	၁၀:၄၀	ပြည်တွင်းသတင်းအကျဉ်း
၈:၀၀	ခါသကြိန်အဆိုအက	၁၀:၅၀	ခါသကြိန်အဆိုအက
၈:၀၅	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား	၁၀:၅၅	အရည်အချင်းနှင့် စွမ်းရည်ကောင်း မြန်မာနိုင်ငံ သစ်တောကျောင်း
၈:၁၅	ခါသကြိန်အဆိုအက	၁၁:၂၀	ခါသကြိန်အဆိုအက
၈:၂၀	နိုင်ငံတကာအနုပညာရေးရာ	၁၁:၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆေးဝါးမိတ်ဆက်စာအုပ် ရေးသားသူ ဒေါက်တာမိမိကို နှင့် တွေ့ဆုံခြင်း)
၈:၅၀	ပြည်တွင်းသတင်းအကျဉ်း	၁၂:၀၅	ခါသကြိန်အဆိုအက
၉:၀၀	ခါသကြိန်အဆိုအက	၁၂:၁၅	အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၉:၀၅	စေတနာသဒ္ဓါရဲ့'ရွှေညဝါ'၏ သာသနာ့အလှူပွဲ	၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၅	ခါသကြိန်အဆိုအက	၁၂:၄၀	ခါသကြိန်အဆိုအက
၉:၃၀	Midweek Sports News	၁၂:၄၅	ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၉:၄၅	ခါသကြိန်အဆိုအက	၁:၀၀	MRTV-4 အပိတ် Logo
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း		
၉:၅၅	ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံစိုက်ပျိုးနည်း		
၁၀:၀၅	ခါသကြိန်အဆိုအက		
၁၀:၁၀	မိုးလေဝသခန့်မှန်းချက်		

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း ပွဲစဉ်		ပြသမည့်လိုင်း
၁:၀၀	Bayern Munich-AC Milan	5-Sports(Live)
	Liverpool-PSV Eindhoven	5-Series(Live)

မီးလောင်မှုသတင်း

ရန်ကုန် ဧပြီ ၁၀

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)၌ ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ အိမ်လေးလုံးမီးလောင်ဆုံးရှုံးပြီး လူ၂၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်စစ်မှူး ဒရော့ဘာအား နည်းပြ မော်ရင်ဟို အားထား

ဗလင်စီယာ (စပိန်) ဧပြီ ၁၀

အိုင်ဗရီကိုစ့်လူမျိုး တိုက်စစ်မှူး ဒစ်ဒီယာဒရော့ဘာသည် မိမိတို့အသင်းအတွက် အားအထားရဆုံး ဘောလုံးသမားဖြစ်ကြောင်း၊ ဒရော့ဘာသည် အလွန်ပင်ပန်းနွမ်းနယ်နေသော်လည်း ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ၎င်းကို အနားပေးမည်မဟုတ်ကြောင်း၊ မိမိတို့အသင်း အောင်နိုင်ရေးအတွက် ၎င်းစွမ်းဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ဟိုဆေး မော်ရင်ဟိုက တနင်္လာနေ့တွင် ပြောကြားသည်။ ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲအဖြစ် ဗလင်စီယာအသင်းနှင့် အင်္ဂါနေ့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒရော့ဘာသည် ဂိုးသွင်းကောင်းသည့် ဘောလုံးသမားတစ်ဦး ဖြစ်ကြောင်း၊၎င်းသည် ဂိုးမသွင်းနိုင်သည့်တိုင်အောင် အသင်းအောင်နိုင်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနိုင်သူဖြစ်ကြောင်း မော်ရင်ဟိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဒရော့ဘာသည် လက်ရှိပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဂိုးပေါင်း၃၀အထိ သွင်းပေးခဲ့ပြီးဖြစ်သည်။ ***အင်တာနက်***

အင်တာနက်အားကစားသတင်းများ

ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဒရော့ဘာ။
(ဓာတ်ပုံ-အင်တာနက်)

ဟာသာဘာလင် အသင်း၏နည်းပြသစ် ကားစတန်ဟိန်း။
(ဓာတ်ပုံ-အင်တာနက်)

ဟာသာဘာလင်အသင်း ဦးမော့လာရေး နည်းပြသစ် ကြိုးပမ်းမည်ဟုဆို

ဘာလင် ဧပြီ ၁၀

ဂျာမနီ ဘွန်ဒက်စလီဂါဘောလုံးပြိုင်ပွဲတွင် အရေးမလှဖြစ်နေသော မိမိ၏ အသင်း ပြန်လည်ဦးမော့လာစေရန် မိမိကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဟာသာဘာလင်အသင်း၏ နည်းပြသစ် ကားစတန်ဟိန်းက ယနေ့ပြောကြားသည်။

ဟာသာဘာလင်အသင်းသည် ဘွန်ဒက်စလီဂါဘောလုံးပြိုင်ပွဲ၏ ပြီးခဲ့သည့် ဘောလုံးပွဲ ၁၀ ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိခဲ့သည်။

ဟာသာဘာလင်အသင်း၏ ယခင်နည်းပြ ဖယ်လ်ကိုဂိုယက်သည် ယခု ဘောလုံးရာသီအတွင်း ဘွန်ဒက်စလီဂါဘောလုံးပြိုင်ပွဲတွင် ၁၀ ဦးမြောက်ဖယ်ရှားခံခဲ့ရသည့် နည်းပြတစ်ဦးဖြစ်ခဲ့သည်။

အင်တာနက်

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအတွက် မန်ချက်စတာတွင် ကွင်းဆင်းလေ့ကျင့်နေသော ရိုးမားအသင်းမှ အသင်းခေါင်းဆောင် တော်တီ (အလယ်)နှင့် အသင်းသားများအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူအသင်းကို အနိုင်ရမည်ဟု ရိုးမားအသင်းခေါင်းဆောင် မျှော်လင့်

လန်ဒန် ဧပြီ ၁၀

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းကို အနိုင်ရရှိမည်ဆိုပါက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အနိုင်ရရှိသည့်အလား မိမိခံစားရမည်ဖြစ်ကြောင်း အီတလီနိုင်ငံမှ အေအက်စ်ရိုးမားအသင်း၏ အသင်းခေါင်းဆောင် ဖရန်ဆက်စကို တော်တီက ယနေ့ပြောကြားသည်။

ရိုးမားအသင်းသည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ပွဲအဖြစ် အိုးထရက်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ကစားရန်ရှိနေစဉ် တော်တီက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ရိုးမားအသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ရန် အခွင့်အရေးရှိနေကြောင်း၊ ဆီမီးဖိုင်နယ်ပွဲတွင် မီလန်သို့မဟုတ် ဘေယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ကစားသည့်အခါ မိမိတို့ကိုအန္တရာယ်ပေးနိုင်သူ တောင်ပံကစားသမား စီရော်နယ်လ်ဒိုဖြစ်ကြောင်း တော်တီက ပြောကြားသည်။ ***အင်တာနက်***

တိုက်စစ်မှူး မိုက်ကယ်အိုဝင် ဘောလုံးပြန်လည် ကစားနိုင်မည်

လန်ဒန် ဧပြီ ၁၀

မိုက်ကယ်အိုဝင်သည် မကြာမီ ဘောလုံးပြန်လည်ကစားနိုင်တော့မည်ဖြစ်သော်လည်း ဗုဒ္ဓဟူးနေ့တွင် ဟာတယ်လ်ပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပါဝင်ကစားမည် မဟုတ်ကြောင်း နယူးကာဆယ်အသင်းနည်းပြ ကလန်းရိုဒါက ယနေ့ပြောကြားသည်။

အိုဝင်သည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဒူးခေါင်း ထိခိုက်ဒဏ်ရာရရှိခဲ့ချိန်မှစ၍ ဘောလုံးပြိုင်ပွဲများ၌ ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

တိုက်စစ်မှူးအိုဝင်၏ ကျန်းမာရေးမှာ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ကောင်းစွာ တိုးတက်လာခဲ့သည်။ အိုဝင်သည် ၎င်းနည်းတူ ကာလကြာရှည်စွာ ထိခိုက်ဒဏ်ရာရခဲ့သူ ရှိုလာအမ်မိုဘီနှင့်အတူ ဗုဒ္ဓဟူးနေ့တွင် ဘောလုံးပြန်လည်ကစားမည်ဟု သတင်းများပေါ်ထွက်လာချိန်တွင် ဂလန်းရိုဒါက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ***အင်တာနက်***

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၁၀

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက် နံနက်၁၀နာရီခန့်က ကျောက်ကြီးမြို့နယ် ဘုရားကြီးကျေးရွာမှ ဦးသန်းမြင့်၏ သား အောင်အောင် အသက်(၂၅)နှစ်သည် အဖော်သုံးဦးနှင့်အတူ ဆူးပုပ်ရွက်ခူးရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး အောင်အောင်၏ ဘယ်ဘက်ခြေထောက် ခြေသလုံးအရိုးကြေ ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဧပြီ ၆ရက် နံနက် ၁၀ နာရီ ၁၀မိနစ်တွင် ထန်းတပင်မြို့နယ် သပြေညွန့်ကျေးရွာမှ ဦးလှထွန်း၏သား ဦးအောင်သန်း အသက်(၄၅)နှစ်သည် အဖော်များနှင့်အတူ ငါးဖမ်းရန်နေအိမ်မှ ထွက်လာစဉ် တောလမ်းတစ်နေရာ၌ သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဦးအောင်သန်း၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်ပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် အောင်အောင်အား သက်ဆိုင်ရာ တာဝန်ရှိသူများက ရွှေကျင် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဦးအောင်သန်းအား တောင်ငူ ပြည်သူ့ဆေးရုံသို့ လည်းကောင်း ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရေဒီယယ်တာယာစက်ရုံမြေနေရာ ကြည့်ရှု သာဂရစက်မှုနယ်မြေကိုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေးမှာကြား

နေပြည်တော် ဧပြီ ၁၀

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံ(စီမံကိန်း) လျာထားမြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးက စက်ရုံ လျာထားဧရိယာအား လိုအပ်သောတိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ထားရှိရန်၊ မြေပိုင်ဆိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ထားရှိရန်၊ စက်ရုံအဝင်လမ်း ဖောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်ထားရှိရန်တို့ကို တာဝန်ရှိသူတို့အား ဆွေးနွေးမှာကြားသည်။

မရမ်းကုန်းရော်ဘာခြံ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း မရမ်းကုန်းရော်ဘာခြံသို့ ရောက်ရှိ စစ်ဆေးရာ ဝန်ကြီးက ရော်ဘာထုတ်လုပ်မှုမှ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ရော်ဘာပြားများ ထုတ်လုပ်ရာတွင် အမျိုးအစားကောင်းမွန်စေရန်အတွက် သန့်ရှင်းမှုရှိရေး၊အမျိုးအစားအလိုက် စနစ်တကျ ထုပ်ပိုးပြီး ခွဲခြားသိုလှောင်ထားရှိရေး၊ အလေအလွင့်နည်းပါးစေရေး၊ရော်ဘာမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိရေးတို့ကို တာဝန်ရှိသူများအားဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်ပြည်နယ် သထုံမြို့နယ်ရှိ မရမ်းတောင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ထူးခြားသည့် နေ့အပူချိန်များ

(၁၀-၄-၂၀၀၇)

သာယာဝတီ	- ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁) ဒီဂရီဖာရင်ဟိုက်
ချောက်နှင့် မင်းဘူး	- ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈) ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	- ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၁) ဒီဂရီဖာရင်ဟိုက်

မဟာသင်္ကြန်ပွဲတော်ကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆင်ယင်ကျင်းပ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ စောင့်ထိန်းလိုက်နာ ဆင်နွှဲကြမည်

နေပြည်တော် ဧပြီ ၁၀

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်ဖြစ်သော မဟာသင်္ကြန်ကာလသည် ခရစ်နှစ် ၂၀၀၇ ခုနှစ် ဧပြီလ ၁၃ရက်မှ ၁၆ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်နေ့မှ ကဆုန်လဆန်း ၁ရက်)အထိ ကျရောက်မည်ဖြစ်သည်။

မြန်မာတို့သည် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်ကပင် ကုသိုလ်ကောင်းမှုများ ပွားများခြင်း၊ ဂါရဝတရားထားရှိခြင်း၊ အေးချမ်းပျော်ရွှင်ခြင်း၊ ချစ်ကြည်ရိုင်းပင်းခြင်း၊ သည်းခံခွင့်လွှတ်ခြင်း စသည့် အမျိုးသားရေးစရိုက်လက္ခဏာများဖြင့် ယဉ်ကျေးမှုအစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့သည်မှာယနေ့ထက်တိုင်ပင် ဖြစ်သည်။

နှစ်သစ်ကူးအခါသမယတွင် မြန်မာ့ရိုးရာ ရေပက်ဖျန်းကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများပြုလုပ်ခြင်း စသည်တို့ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန် နိုင်ငံတော်က ယခုနှစ်မှစပြီး နှစ်စဉ် သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှ ၁၀ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူး ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားသည်။

ယခုနှစ် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကိုလည်း ယခင်နှစ်များနည်းတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အေးချမ်းပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ကျင်းပဆင်နွှဲရာတွင် အများပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် တာဝန်ရှိအဖွဲ့အစည်းများက အစီအမံများချမှတ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခင်နှစ်များကလည်း အများပြည်သူတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စည်းကမ်းဖောက်ဖျက်ကျူးလွန်သူအချို့ကို အချင်းချင်းထိန်းကျောင်းတည့်မတ်ပေးခြင်း စသည်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ကျင်းပဆင်နွှဲနိုင်ခဲ့သည်။

အချို့သောနိုင်ငံများတွင် နှစ်သစ်ကူးပွဲတော်များ၊ ရေသဘင်ပွဲတော်များကျင်းပရာ၌ သောက်စားမူးယစ်ပြီး အပျော်လွန်အပျော်ကြူးကြခြင်း၊ ယာဉ်များကို မဆင်မခြင်မောင်းနှင်ကြခြင်းတို့ကြောင့် နှစ်စဉ် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယမန်နှစ်က ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သည့် ဆွန်ကရန်ရေသဘင်ပွဲတော်ရက်များအတွင်း သေဆုံးသူ ၄၆၇ဦး၊ ဒဏ်ရာရရှိသူ ၅၉၈၅ဦး ရှိကြောင်း၊ ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇ မှု ပါဝင်ကြောင်း၊ ယခု ၂၀၀၇ ခုနှစ် နှစ်သစ်ကူးကာလ၌လည်း သေဆုံးသူ ၄၄၉ ဦးရှိကြောင်း သတင်းများရရှိသည်။

သို့ဖြစ်၍ ယင်းကဲ့သို့မလိုလားအပ်သော အနိဋ္ဌာရုံများ မဖြစ်ပေါ်စေရေးအတွက် ယခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလတွင် ကြမ်းတမ်းရိုင်းစိုင်းစွာ ရေပက်ကစားခြင်း၊ ဒဏ်ရာအနာတရဖြစ်စေသည်အထိ ရေပက်ကစားခြင်း၊ ရိုင်းပျစွာနောက်ပြောင်ခြင်း၊ သူတစ်ပါးကို ထိခိုက်စေလိုသောသဘောဖြင့် သံချပ်ထိုးခြင်း၊ မူးယစ်သောက်စား အပျော်ကြူးခြင်း၊ ယာဉ်များကို မဆင်မခြင်မောင်းနှင်ခြင်းများ မပြုလုပ်ကြရန်အတွက် သင်္ကြန်ကာလအတွင်း လိုက်နာဆောင်ရွက်ရန် အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များကို သက်ဆိုင်ရာက ကြိုတင်သတိပေးတိုက်တွန်းနှိုးဆော်ထားရာ အလေးထား လိုက်နာဆောင်ရွက်ကြခြင်းဖြင့် မဟာသင်္ကြန်ပွဲတော်ကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး ချမ်းမြေ့ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

အင်တာနက် အဏ္ဏဝါဗေဒသတင်း

ဟမ်းဘက်အမျိုးအစား ဝေလငါးတစ်ကောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဟမ်းဘက်ဝေလငါးများ ရွှေ့ပြောင်းကျက်စားမှု ခရီးအကွာအဝေး စံချိန်တင်

မော်စကိုလန်းဒင်း ဧပြီ ၁၀

အစာရေစာရှာဖွေနိုင်ရန် တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းကျက်စားတတ်သော နို့တိုက်သတ္တဝါများအနက် ဟမ်းဘက် အမျိုးအစား ဝေလငါးများသည် ခရီးတာအကွာအဝေးအရ အလွန်ဝေးကွာသောနေရာများအထိ စံချိန်တင်သွားလာနိုင်သည်ကို တွေ့ရကြောင်း အဏ္ဏဝါသိပ္ပံပညာရှင်များက ထုတ်ပြန်သည့် သုတေသန စာတမ်းတွင် ဖော်ပြထားသည်။

ဟမ်းဘက် ဝေလငါးများသည် အမေရိကတိုက် အလယ်ပိုင်းမှသည် အန္တာတိကတိုက်အထိ မိုင် ၅၁၀၀ အကွာအဝေးရှိ ပင်လယ်ရေပြင်အတွင်း ကူးခတ်သွားလာနိုင်ကြောင်း၊ ယင်းမှာ နို့တိုက်သတ္တဝါများအနက် စံချိန်တစ်ရပ်ပင်ဖြစ်ကြောင်း။

အမေရိကန် ကက်စ်ကာဒီးယား အဏ္ဏဝါဌာနမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဟမ်းဘက် ဝေလငါးများသည် ဆောင်းဥတုကာလအတွင်း ပူနွေး

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍

NLD ပါတီသည် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးကို အန္တရာယ်ကျအောင် လုပ်ဆောင်နေ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်မှ ပါတီဝင် ၇၃ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၁၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကွမ်းယာအရှေ့ကျေးရွာမှ ဦးဝင်းတင်နှင့် ဦးစိုးမြင့်၊ ကွမ်းယာအနောက်ကျေးရွာမှ ဦးကံဝင်းနှင့် ဦးကာစင်၊ သဘော့ဇူကျေးရွာမှ ဦးရွှေဒွေးနှင့်ဦးကံအေးတို့ အပါအဝင် ငါးဦး၊ ခုံဇင်းကုန်းကျေးရွာမှ ဦးဝင်းမြိုင်နှင့် ဒေါ်အဲလစ်တို့အပါအဝင် လေးဦး၊ ကျူတန်းကျေးရွာမှ ဦးစောကလဲဒီးနှင့် ဦးစစ်အေးတို့အပါအဝင် သုံးဦး၊ ဂွေးကုန်းကျေးရွာမှ ဦးသန်းရှိန်၊ လဟာကလူကျေးရွာမှ ဦးဝင်းစိန်နှင့် ဦးလှဋ္ဌေးတို့ အပါအဝင် လေးဦး၊ ကညွတ်ကုန်းကျေးရွာမှ ဦးစတာလင်နှင့် ဦးစံသောင်းတို့အပါအဝင် လေးဦး၊ ရွှေကုန်းကျေးရွာမှ ဦးထွန်းကြိုင်နှင့် ဦးနာတာလီတို့အပါအဝင် လေးဦး၊ မိကျောင်းတရာကျေးရွာမှ ဦးသာလှ၊ မဂူကျွန်းကျေးရွာမှ ဦးမျိုးခိုင်နှင့် ဦးရွှေမြိုင်တို့ အပါအဝင် သုံးဦး၊ ဘဲဂရက်ကျေးရွာမှ ဦးသက်လွင်နှင့် ဦးသန်းလွင်တို့ အပါအဝင် သုံးဦး၊ လျှော်ကုန်းကျေးရွာမှ ဦးတင်ထွန်းနှင့်ဦးစံတိုးတို့အပါအဝင် လေးဦး၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် ဧပြီ ၁၀

ယနေ့ နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်အတူ ခေတ္တမျှ လေပြင်းများ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)